# ရှမ်းပြည်မြစ်ချောင်းများအတွက် လှုပ်ရှားမှုအဖွဲ့မှ ထုတ်ပြန်ချက်

စက်တင်ဘာလ 12 ရက်နေ့ 2019 ခုနှစ်

## ရှမ်းပြည်နယ်အတွင်း ပဋိပက္ခအကြား၌ရှိ နမ့်တူမြစ် (ခေါ်) မြစ်ငယ်မြစ်ပေါ်တွင် IFCအနေဖြင့် ရေကာတာများ တိုးမြှင့်ဆောက်လုပ်ခြင်းမှ ရပ်တန့်ရမည်။

နမ့်တူမြစ် (ခေါ် ) မြစ်ငယ်မြစ်ဝှမ်းအတွင်း ရေကာတာဆောက်လုပ်ခြင်း ကို မြှင့်တင်သော IFC ၏ စုပေါင်းထပ် ဆင့် ထိခိုက်မှု အကဲဖြတ် ဆန်းစစ်ခြင်း နှင့် စီမံခန့်ခွဲခြင်း နှင့် ယနေ့ တောင်ကြီး၌ ကျင်းပသော သက်ဆိုင်သူအစည်းအဝေးသို့ တက်ရောက်ခြင်းကို ကျွန်တော်တို့ ရှမ်းပြည်မြစ်ချောင်းများအတွက် လှုပ်ရှား မှုအဖွဲ့မှ ငြင်းပယ်ကန့်ကွက်ပါသည်။

IFC က ၎င်းအစည်းအဝေးကို ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့ရှိ ကန်ရှေ့ရပ်ကွက် Mountain Star Hotel တွင် ပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါအစည်းအဝေးကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (MOEE) သို့မဟုတ် သဘာဝအရင်းအမြစ် နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန MONREC) မှ ပြည်နယ်အဆင့်ဖြစ်သော ကိုယ်စားလှယ်တစ်ဦး က သဘာပတိအဖြစ်တက်ရောက်ပါမည်။

မြစ်တစ်လျှောက်တွင် စစ်ပွဲများ တဟုန်းဟုန်း ဖြစ်ပွားနေပြီး ဒေသခံ အသိုင်းအဝိုင်းများကလည်း မည်သည့်ရေကာတာမျိုးကို မဆို ပြင်းပြင်းထန်ထန် ဆန့်ကျင် ကန့်ကွက်မှု များ ရှိနေပါသော်လည်း၊ နမ့်တူမြစ် (ခေါ် ) မြစ်ငယ်မြစ် အား မြန်မာနိုင်ငံ ရေအား လျှပ်စစ် အခန်း ကဏ္ဍ တွင် "ဦးစားပေးမှု"တစ်ခု အဖြစ် IFC ကယင်းတို့၏ မြန်မာ့လျှပ်စစ် ကဏ္ဍ အပေါ် မဟာဗျူဟာအရ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ချင့်ချိန် ဆုံးဖြတ်ခြင်း တွင် ၂၀၁၈ က အတိအလင်း ကြေညာထားပါသည်။

"တောင်ကြီးမြို့မှာ ပြုလုပ်တဲ့ IFCအစည်းအဝေးဟာ နမ့်တူမြစ်(ခေါ်)မြစ်ငယ်မြစ်ပေါ် ရေကာတာ ဆောက်လုပ်ခြင်းအတွက် ပြင်ဆင်ခြင်းမှာ မလုပ်မဖြစ်လို့သာ လုပ်ရတဲ့ စည်းဝေးပွဲ တစ်ခု ဖြစ်ကြောင်း ထင်ရှားနေ တယ်။ အဲ့ဒီအတွက် ကျွန်တော်တို့ မပါဝင်ဆောင်ရွက်ချင်ဘူး" လို့ ရှမ်းသဘာဝ ပတ်ဝန်း ကျင် အဖွဲ့ အစည်း မှ စိုင်းခေးဆိုင် (စိုင်းထမ်းအိုက်)က ပြောပါသည်။

IFC ၏ နမ့်တူမြစ် (ခေါ်) မြစ်ငယ်မြစ်ဝှမ်း ဆန်းစစ်အကဲဖြတ်ခြင်း အစည်းအဝေးအခမ်းအနားကို Australian Aid က ငွေကြေးကူညီထောက်ပံ့ထားပြီး ဆွီဒင် အင်ဂျင်နီယာ အတိုင်ပင်ခံလုပ်ငန်း SWECO ကုမ္ပဏီက အကောင်အထည်ဖော် ခဲ့ခြင်း ဖြစ်ပါသည်။

အထက်ရဲရွာရေကာတာအပါအဝင် ရေကာတာကြီး (၄) ခုသည် နမ့်တူမြစ်(ခေါ်) မြစ်ငယ်မြစ် ၏ ပင်မမြစ်ကြောင်းပေါ်တွင် အစီအစဉ်ဆွဲထားပြီးဖြစ်၍ အထက်ရဲရွာရေကာတာသည် ကျောက်မဲမြို့နယ်တွင် တည်ရှိပြီး ဆွစ်ဇာလန်, ဂျပန်နှင့်တရုတ်ကုမ္ပဏီတို့က ပါဝင်ရင်နှီးမြှုပ်နှ ကာ ယခုလက်ရှိတွင်လည်း ဆောက်လုပ်နေဆဲဖြစ်သည်။

နောက်ထပထပ်မံစီစဉ်ထားသောရေကာတာသည် နောင်ချိုမြို့နယ်ရှိ လျှပ်စစ်ဓာတ်အား 735 မဂ္ဂါဝပ်ထွက်သည့် အလယ်ရဲရွာရေကာတာဖြစ်ပြီး နော်ဝေးအစိုးရပိုင် SN Power၏ စီမံကိန်း တစ်ခုလည်း ဖြစ်ပါသည်။ လွန်ခဲ့သော ဩဂုတ်လ 29 ရက်နေ့တွင် SN Power ၏ဥက္ကဋ္ဌ Mr. Oystein Oyehaugက မြန်မာနိုင်ငံသို့ လာရောက်ပြီး ရေအားလျှပ်စစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်တွင် နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ပြည်တွင်းစစ်အဆုံးမသတ်နိုင်သည့်သရွေ့ တိုင်းရင်းသားဒေသအတွင်းရှိ ရေကာတာများဆောက်လုပ်ခြင်း ကို ဆိုင်းငံ့ထားရန် နှင့် တိုင်းရင်းသားလူမျိုးများအတွက် မြစ်များအပါအဝင် ဒေသခံတို့၏ သဘာဝသယံဇာတများအား ကာကွယ်ထိန်းသိမ်းနိုင်ရန် အခွင့်အရေး ကို အာမခံသော ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်လာသည့်အထိ ကျွန်တော်တို့ ထပ်တလဲလဲတောင်းဆိုသွားမည်ဖြစ်ပါသည်။

- တည်ဆောက်လျက်ရှိသည့်ဖြစ်စေ သို့မဟုတ် ကွင်းဆင်းစမ်းသပ်နေသည့်ဖြစ်စေ နမ့်မတူမြစ်(ခေါ်)မြစ် ငယ်မြစ်ပေါ် ရှိ ရေကာတာများအားလုံး ချက်ချင်း ရပ်တန့်ရန်။
- ဆွစ်ဇာလန်, ဂျပန်, တရုတ်, နော်ဝေနှင့် ဩစတြီးလျား စသော နိုင်ငံမှ ကုမ္ပဏီများ နမ့်မတူမြစ်(ခေါ်)မြစ်ငယ်မြစ်ပေါ် ရေကာတာဆောက်လုပ်ရင်းနှီးမြှုပ် နှံ ခြင်းမှ အဆုံးသတ်ရန်။
- IFC အနေနဲ့ နမ့်မတူမြစ်(ခေါ်)မြစ်ငယ်မြစ်ပေါ် ရှိ ရေကာတာများအား မြှင့်တင်ဆောက်လုပ်ခြင်းမှ ရပ်တန့်ရန်။


**ဆက်သွယ်ရန်**

| | |
|---|---|
| စိုင်းခေးဆိုင် | +95 (0) 926 436 2973 |
| နန်းချမ်တောင်း | +66 (0) 87-658-9551 |
| စိုင်းဟော်ရှဲန် | +66: (0) 63-389-5088 |
| စိုင်းရွက်လွင် | +66 (0) 97-173-1530 |


*ရှမ်းပြည်မြစ်ချောင်းများလှုပ်ရှားမှုအဖွဲ့အစည်းသည်ရှမ်းပြည်နယ်တွင်းရှိ မြစ်ချောင်းများကာကွယ်ရန် လူအခြေပြုအဖွဲ့အစည်းများမှ စုပေါင်းလုပ်ဆောင်ကြသည့် အဖွဲ့တစ်ဖွဲ့ ဖြစ်ပါသည်။*